# အမျိုးသားဆေးဝါးဥပဒေကို ပြင်ဆင်သည့် ဥပဒေ

(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၂ ။)

၁၃၇၅ ခုနှစ်၊ တန်ခူးလဆန်း ၂ ရက်

(၂၀၁၄ ခုနှစ်၊ ဧပြီလ ၁ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို အမျိုးသားဆေးဝါးဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ အမျိုးသားဆေးဝါးဥပဒေ ပုဒ်မ ၄ ကို အောက်ပါအတိုင်း အစားထိုးရမည်-

'၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည် အောက်ပါပုဂ္ဂိုလ်များပါဝင်သော မြန်မာနိုင်ငံအစားအသောက် နှင့် ဆေးဝါး အာဏာပိုင်အဖွဲ့ကို ဖွဲ့စည်းရမည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>ကျန်းမာရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး<br>ကျန်းမာရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဆေးဝန်ထမ်းညွှန်ကြားရေးမှူး<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ညွှန်ကြားရေးမှူးချုပ်<br>ကျန်းမာရေးဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ညွှန်ကြားရေးမှူးချုပ်<br>တိုင်းရင်းဆေးပညာဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူးချုပ်<br>မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန<br>မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ညွှန်ကြားရေးမှူးချုပ်<br>စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေး ဦးစီးဌာန | အဖွဲ့ဝင် |

စက်မှုဝန်ကြီးဌာန

(ဈ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
စိုက်ပျိုးရေးစီမံကိန်းဦးစီးဌာန
လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

(ည) ကိုယ်စားလှယ်တစ်ဦး အဖွဲ့ဝင်
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

(ဋ) ကိုယ်စားလှယ်တစ်ဦး အဖွဲ့ဝင်
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

(ဌ) ကိုယ်စားလှယ်တစ်ဦး အဖွဲ့ဝင်
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

(ဍ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ငါးလုပ်ငန်းဦးစီးဌာန
မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန

(ဎ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ဆေးသိပ္ပံပညာဦးစီးဌာန
ကျန်းမာရေးဝန်ကြီးဌာန

(ဏ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ဆေးသုတေသနဦးစီးဌာန(မြန်မာပြည်အလယ်ပိုင်း)
ကျန်းမာရေးဝန်ကြီးဌာန

(တ) ညွှန်ကြားရေးမှူးချုပ် အတွင်းရေးမှူး
အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန
ကျန်းမာရေးဝန်ကြီးဌာန'

၃။ အမျိုးသားဆေးဝါးဥပဒေ ပုဒ်မ ၁၈ နှင့် ပုဒ်မ ၁၉၊ ပုဒ်မခွဲ (က) တို့တွင် ပါရှိသော 'ငွေဒဏ် အနည်းဆုံး ကျပ် ၅၀၀၀ မှ အများဆုံး ကျပ် ၅၀၀၀၀ အထိ' ဆိုသည့် စကားရပ်ကို 'ငွေဒဏ် အနည်းဆုံး ကျပ်ငါးသောင်း မှ အများဆုံး ကျပ်ငါးသိန်းအထိ' ဆိုသည့် စကားရပ်ဖြင့် အသီးသီး အစားထိုးရမည်။

၄။ အမျိုးသားဆေးဝါးဥပဒေ ပုဒ်မ ၁၉၊ ပုဒ်မခွဲ (ခ) တွင် ပါရှိသော 'ငွေဒဏ်အနည်းဆုံး ကျပ် ၁၀၀၀ မှ အများဆုံး ကျပ် ၁၀၀၀၀ အထိ'ဆိုသည့် စကားရပ်ကို 'ငွေဒဏ်အနည်းဆုံး ကျပ် တစ်သောင်းမှ အများဆုံး ကျပ်တစ်သိန်းအထိ' ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၅။ အမျိုးသားဆေးဝါးဥပဒေ ပုဒ်မ ၂၀ တွင် ပါရှိသော 'ငွေဒဏ် အနည်းဆုံး ကျပ် ၅၀၀ မှ အများဆုံး ကျပ် ၅၀၀၀ အထိ' ဆိုသည့် စကားရပ်ကို 'ငွေဒဏ် အနည်းဆုံး ကျပ်ငါးထောင်မှ အများဆုံး ကျပ်ငါးသောင်းအထိ' ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၆။ အမျိုးသားဆေးဝါးဥပဒေ ပုဒ်မ ၃၂ ကို အောက်ပါအတိုင်း အစားထိုးရမည်-

'၃၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ကျန်းမာရေးဝန်ကြီးဌာနသည် လိုအပ်ပါက နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ကျန်းမာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ အစားအသောက်နှင့်ဆေးဝါးအာဏာပိုင်အဖွဲ့တို့သည် လိုအပ်ပါက အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။'

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

ပုံ (သိန်းစိန်)

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်